နေ့စွဲ – ၇. ၁၁. ၁၀

## ကြိုတင်ခွဲခန့်မှတ်သားတော်မူခြင်းအကြောင်း
## (Predestination)

လူအများကို မကြာခဏ အင်မတန်အခက်အခဲတွေ့စေသော ဩဝါဒသည် ကြိုတင်ခွဲခန့်မှတ်သားတော်မူခြင်းဩဝါဒပင်ဖြစ်ပါသည်။ ထိုသို့ခက်ခဲစေရခြင်းမှာ ဘုရားသခင်သည် ဘုရားသခင်ဖြစ်ကြောင်းကို အပေါ်လွင်စေဆုံးသောဩဝါဒသည် ကျမ်းစာတွင် ဤဩဝါဒဖြစ်သောကြောင့်ဖြစ်သည်။ ထို့အပြင် ဤဝါဒက ကျွန်တော်တို့ကို နှိမ့်ချစွာ သူ၏ကြီးမြတ်ခြင်းကို လက်ခံစေသောကြောင့်ဖြစ်သည်။ ထိုသို့နှိမ့်ချခြင်းသည် ကျွန်တော်တို့၏ မာနကြီးလှသော၊ အပြစ်များနှင့်ပြည့်နေသော နှလုံးသားများအတွက် အတော်ခက်ပါသည်။ အဘယ်ကြောင့်ဆိုသော် ကျွန်တော်တို့သည် မိုက်မဲလှသောမာနကြီးမှုဖြင့် မိမိတို့၏ဘဝကံကြမ္မာသခင်များဖြစ်ကြပါသည်ဟု ထင်နေကြပါသည်။

ကြိုတင်ခွဲခန့်မှတ်သားခြင်းဆိုသည်မှာ၊ စကားလုံးကိုယ်၌က ပြောနေသလိုပင်၊ ဘုရားသခင်သည် မိမိ ၏ တွေးခေါ်တတ်သော၊ စဉ်းစားတတ်သော၊ အလိုဆန္ဒရှိနိုင်သော သတ္တဝါများ၏ အဆုံးသတ်ကို ထာဝရကာလကပင် ဆုံးဖြတ်ပြီးဖြစ်သည်ဟု ဆိုလိုခြင်းဖြစ်သည်။ လူများ၊ ကောင်းကင်တမန်များ၊ ကျဆုံးပြီး/မကျဆုံးသေးသော ကောင်းကင်တမန်များ အားလုံးအတွက် ဖြစ်သည်။ ထိုသို့ဆုံးဖြတ်ခြင်းကို ကမ္ဘာကြီးအား မဖန်ဆင်းခင် ထာဝရအကြံအစည်တော်၌ ပြုလုပ်ခြင်းဖြစ်သည်။ ထာဝရကာလမှနေ၍ ဘုရားသခင်သည် အချို့ကို ကောင်းကင်အတွက် ရွေးချယ်ပြီး၊ အခြားသူတို့ကို ငြင်းပယ်သည်။ ဘုရားသခင်၏ အစိုးရသော၊ ထာဝရရွေးချယ်မှုဖြစ်သည်။ လူ၏ရွေးချယ်မှု မဟုတ်။ လူ၏ထာဝရနေရာကို ဆုံးဖြတ်ခြင်းဖြစ်သည်။

ဤဩဝါဒကို ငြင်းပယ်ခြင်းများ မနည်းမနောရှိပါသည်။ ဤဝါဒက ကျွန်တော်တို့ကို ရုပ်သေးများဖြစ်စေသည်ဟု အချို့ကပြောကြသည်။ ဘုရားသခင်ကို ကြမ်းတမ်းသော အာဏာရှင်ဖြစ်စေသည်ဟုလည်း ပြောကြသည်။ အထူးသဖြင့် ထာဝရကာလကပင် အချို့တို့ကို ငရဲသို့ပို့ရန် ဆုံးဖြတ်ခြင်းကို မကြိုက်ကြ။ ထိုသို့ပြောလျှင် ဘုရားသခင်ကို အပြစ်တရားအားပြုသူဖြစ်စေသည်၊ စသဖြင့် မျိုးစုံကန့်ကွက်ကြသည်။ မည်သို့ပင်ဖြစ်ပါစေ၊ ကျမ်းစာက ကြိုတင်ခွဲခန့်မှတ်သားတော်မူခြင်းဝါဒကို ရှင်းစွာသင်ပေးပါသည်။

အင်္ဂလိပ်ကျမ်းစာတွင် ထိုစကားလုံးကို (၄)ကြိမ်သုံးသည်၊ ရောမ ၈း၂၉၊ ၃၀၊ ဧဖက် ၁း၅၊ ၁၁။ ထိုစကားလုံး၏မူရင်းဂရိဘာသာအရ အဓိပ္ပါယ်မှာ "ကြိုတင်၍မှတ်သားခြင်း"ဟူ၍ဖြစ်သည်။ ထိုစကားလုံးကို အခြားနှစ်နေရာ၌သုံးသည် (တမန် ၄း၂၈၊ ၁ကော ၂း၇)။ ကြိုတင်ခွဲခန့်ခြင်း အိုင်ဒီယာကိုမူ နေရာအမြောက်အများတွင် သုံးပါသည်။ အရှင်းဆုံးအနေနှင့် ရောမ ၉း၁၁–၁၃ တွင် တွေ့ရသည်၊ "ဘုရားသခင်၏ရွေးကောက်တော်မူခြင်းနှင့်ယှဉ်သော အကြံတော်သည် အကျင့်အားဖြင့် မတည်၊ ခေါ်တော်မူသောသူ၏ အလိုတော်အားဖြင့် တည်မည်အကြောင်း၊ သားမဖွားမီ၊ ထိုသားတို့သည် ကောင်းသောအကျင့်၊ မကောင်းသောအကျင့်ကို မကျင့်မီ၊ သားအကြီးသည် သားအငယ်၌ ကျွန်ခံရလိမ့်မည်ဟု ထိုမိန်းမအား ဗျာဒိတ်ပေးတော်မူ၏၊ ထိုသို့နှင့်အညီ၊ ယာကုပ်ကို ငါချစ်၏၊ ဧသောကို ငါမုန်း၏ဟု ကျမ်းစာလာသတည်း။"

ကောင်းကင်တမန်များနှင့် နတ်ဆိုးများကိုလည်း ဘုရားသခင်က ကြိုတင်ခွဲခန့်ပါသည်။ ထိုအချက်ကို ၁တိ ၅း၂၁ ကပြောပါသည်၊ "ရွေးကောက်သောကောင်းကင်တမန်များ"ဟု သုံးပါသည်။ ယုဒ ၆ က အပြစ်ထဲသို့ ကျဆုံးသွားကြသော ကောင်းကင်တမန်များအကြောင်းကို ပြောပါသည်၊ "မိမိတို့နေရာအရပ်ကို စွန့်ပစ်သောကောင်းတမန်တို့ကို၊ ကြီးစွာသောနေ့၌ စစ်ကြောစီရင်ခြင်းအလို့ငှာ ထာဝရချည်နှောင်ခြင်းအားဖြင့် မှောင်မိုက်ထဲမှာ ချုပ်ထားတော်မူ၏။" ကောင်းကင်တမန်များတွင် မှန်သလို၊ လူသားများကြားတွင်လည်း မှန်နေပါသည်။ အချို့တို့ကို ထာဝရအသက်ရလျှက် ကောင်းကင်ဘုံသို့ဝင်ရရန် ရွေးချယ်ပါသည်။ ကျမ်းစာက

၄င်းကို “ရွေးကောက်တော်မူခြင်း”ဟု ပြောသည်။ ကျန်သောသူတို့ကို ကျော်သွားပါသည်၊ (သို့) ငြင်းပယ်ပါသည်။ ၄င်းကို “ငြင်းပယ်တော်မူခြင်း”ဟု ခေါ်ပါသည်။

လူအများက ရွေးကောက်တော်မူခြင်းသည် ကျမ်းစာသင်ပေးသောဩဝါဒဖြစ်သည်ဟု လက်ခံကြပါလိမ့်မည်၊ သို့သော် ငြင်းပယ်တော်မူခြင်း ဩဝါဒကိုတော့ မကြိုက်ကြပါ။ တကယ်တမ်းပြောရလျှင် ရွေးချယ်ခြင်းနှင့်ငြင်းပယ်ခြင်းသည် တခုတည်းသောအမှန်တရားဖြစ်ပါသည်။ တချို့ကိုရွေးကောက်သည်ဆိုသည်နှင့် ဘုရားသခင်သည် တချို့ကိုတော့ ထာဝရအသက်ရရန် မရွေးချယ်ပါဟု ပြောပြီးဖြစ်ပါမည်။ ထိုသို့မဟုတ်ဘဲ ရွေးချယ်သည်ဟု ပြော၍မဖြစ်နိုင်ပါ။ မရွေးချယ်ပါဟုပြောခြင်းသည်၊ ငြင်းပယ်သည်ဟု ပြောနေခြင်းသာ ဖြစ်ပါသည်။ ထို့ကြောင့် ကျမ်းစာက ရွေးကောက်ခြင်းနှင့်ငြင်းပယ်ခြင်း နှစ်မျိုးလုံးကို သေချာစွာသင်ပေးကြောင်း တွေ့ရပါသည်။

နှစ်ခုစလုံးသည် ဘုရားသခင်၏ အစိုးရတော်မူသော၊ ထာဝရဖြစ်တော်မူသော ပြုမူခြင်းမှ ထွက်လာကြပါသည်။ “ကောင်းကင်ဗိုလ်ခြေတို့၌၄င်း၊ မြေကြီးသားတို့၌၄င်း အလိုတော်ရှိသည်အတိုင်း ပြုပြင်တော်မူ၏၊ လက်တော်ကို အဘယ်သူမျှ မတားဆီးနိုင်၊ အဘယ်သို့ပြုသနည်းဟု ကိုယ်တော်ကို ဆိုနိုင်သောသူမရှိ၊” (ဒံ ၄း၃၅)။

## ခြွင်းချက်မရှိရွေးကောက်ခြင်းအကြောင်း
## (Unconditional Election)

ကြိုတင်ခွဲခန့်မှတ်သားတော်မူခြင်းအကြောင်းကိုရေးပြီးနောက်၊ အံ့ဩစရာကောင်းလှသည့် ကျမ်းစာနှင့်ကိုက်ညီသော ရွေးကောက်တော်မူခြင်းဩဝါဒအကြောင်း ဆက်ရေးပါမည်။ ရွေးကောက်ခြင်းဆိုသည်မှာ ထိတ်လန့်အံ့ဩစရာကောင်းသော ကြိုတင်ခွဲခန့်မှတ်သားတော်မူခြင်း၏ လှပသောဖက် ဖြစ်ပါသည်။

ကျမ်းစာက မကြာခဏပြောပြနေသောကြောင့် ရွေးကောက်တော်မူခြင်းဩဝါဒကို ငြင်း၍မရပါ။ ထို့ကြောင့် မေးရမည့်မေးခွန်းမှာ ထိုသို့သောဩဝါဒ ရှိသလော? မရှိသလော? မဟုတ်ပါ၊ ရွေးကောက်ခြင်း ဆိုသည်မှာ အဘယ်နည်း? မည်သည့်အချိန်က ရွေးကောက်တော်မူသနည်း? စသည့်မေးခွန်းတို့သာ ဖြစ်ပါသည်။

ရွေးကောက်ခြင်းဆိုသည်မှာ ဘုရားသခင်က လူအချို့တို့ကို ကယ်တင်ခြင်းနှင့်ထာဝရအသက်ရရန် အစိုးရတော်မူစွာ ရွေးချယ်တော်မူခြင်းဟု ကျွန်တော်တို့ ယုံကြည်ကြသည်။ ထိုရွေးချယ်ခြင်းကို ဘုရားသခင်က ထာဝရကာလမှ ပြုလုပ်တော်မူသည်ဟု ကျွန်တော်တို့က ယုံကြည်ကြသည်။ ယခုချိန်ကျမှ လူသားက မည်သို့တုန့်ပြန်သည် ဆိုသည့်အပေါ်တွင် ပြုလုပ်ခြင်းမဟုတ်ပါ။ လူအချို့တို့ကို ကမ္ဘာမတည်မရှိမီကပင် ရွေးချယ်ခြင်းဖြစ်သည် (ရောမ ၉း၁၀–၁၃၊ ဧဖက် ၁း၃–၆)။

ဤရွေးကောက်တော်မူခြင်းဩဝါဒသည် မှန်းဖို့မဟုတ်ပါ၊ ငြင်းဖို့ မဟုတ်ပါ။ ရွေးကောက်တော်မူခြင်းသည် ဘုရားသခင်၏ ရွေးချယ်မှုပြုခြင်းသာ မကပါ၊ သူ၏ထာဝရဖြစ်သော မပြောင်းလဲနိုင်သော ချစ်ခြင်းကို ဖေါ်ပြခြင်းလည်း ဖြစ်ပါသည်။ ဘုရားသခင်သည် လူအချို့တို့ကိုသာ ရွေးချယ်ကြောင်း ကျမ်းစာက ပြောသည်မဟုတ်ပါ၊ ဘာကြောင့် ရွေးချယ်ကြောင်းကိုလည်း ပြောပြပါသည်။ ထိုသို့ဖြင့် ကျမ်းစာက ဘုရားသခင် ၏ နှလုံးသားအတွင်းထဲကို ရိပ်ကနဲ လှမ်းမြင်စေပါသည်။ ဘုရားသခင်က လူအချို့တို့ကို ရွေးကောက်ပါ သည်၊ အဘယ်ကြောင့်ဆိုသော ချစ်၍ဖြစ်ပါသည်။

ထိုချစ်ခြင်းသည် ထာဝရဖြစ်သည်။ သူ၏လူများကို အမြဲချစ်တော်မူသည်။

ထိုအချစ်သည် ခြွင်းချက်မဲ့ဖြစ်သည်။ လူသား၏တုန့်ပြန်မှုအပေါ်တွင် မတည်ပါ။ လူသားက သူ့ကို ပထမချစ်သဖြင့် ဘုရားသခင်က ပြန်ချစ်ခြင်း မဟုတ်ပါ။ ဘုရားသခင်က ပထမချစ်တော်မူခြင်းဖြစ်သည်။ ထိုအချစ်သည် ထာဝရကာလမှနေ၍ ချစ်ခြင်းဖြစ်သည် (၁ယော ၄း၁၉)။

ထိုဘုရားသခင်၏ချစ်ခြင်းသည် အစိုးရတော်မူသည်၊ တန်ခိုးစွမ်းအားနှင့်ပြည့်ဝသည်။ မိမိရည်ရွယ်ချက်ကို ဘယ်တော့မှ မပြည့်စေဘဲမရှိ။ သခင်ယေရှုခရစ်တော်၏အသေခံခြင်းဖြင့် သူ၏လူများအားလုံးကို ပြည့်ဝသောကယ်တင်ခြင်း ရစေပါသည် (ယော ၁း၁၆)။

ကျမ်းစာကသုံးသော "အနာဂတံသဉာဏ်တော်"(foreknowledge = ကြိုတင်သိခြင်း)ဆိုသည့် စကားလုံးက ဤဘုရားသခင်၏ချစ်ခြင်းကို ရည်ညွှန်းနေခြင်းဖြစ်သည်။ တစုံတခုကို ကြိုတင်သိခြင်းသက်သက်ကိုသာ ရည်ညွှန်းခြင်းမဟုတ်ပါ၊ အချိန်ဆိုသောအရာမရှိခင်က ရှိနှင့်ပြီးသော ဘုရားသခင်၏အချစ်ကို ပြောနေခြင်းဖြစ်ပါသည်။ "ကြိုတင်သိခြင်း"ဆိုသည့်စကားလုံး၏ အစိတ်အပိုင်းတစုဖြစ်သော "သိခြင်း"ဆိုသည့်စကားလုံးကို ကျမ်းစာနေရာအတော်များများ၌ "ရင်းနှီးစွာချစ်ကြခြင်း"ဟု သုံးလေ့ရှိပါသည်။ ဥပမာ၊ ခင်ပွန်းက မိမိဇနီးကို ချစ်သောအချစ်၊ ဇနီးက မိမိခင်ပွန်းပေါ် ထားသောအချစ်ကို ပြောပါသည် (ကမ္ဘာ ၄း၁၊ ၂၅)။

၎င်းသည် ဘုရားသခင်က သူလူများကို ကြိုတင်သိသည့်ပုံစံဖြစ်ပါသည်(ကမ္ဘာ ၁၈း၁၉)။ ဘုရားသခင်က သူလူများကို မည်သူတွေဖြစ်သည်ဟု သိယုံသာမကပါ၊ သူတို့ကို သခင်ခရစ်တော်အားဖြင့် နက်ရှိုင်းစွာ၊ နူးညံ့စွာ၊ ရင်းနှီးကျွမ်းဝင်စွာ ချစ်တော်မူပါသည်၊ ထာဝရကာလကပင်ဖြစ်ပါသည်။

မည်မျှကျေးဇူးတော်ချီးမွမ်းထိုက်သောအကြောင်းဖြစ်ပါသနည်း? သခင်ယေရှု၏လက်ဝါးကပ်တိုင်အရိပ်ထဲတွင် ဘုရားသခင်၏ချစ်ခြင်းသည် အံ့သြစရာကောင်းစွာ ပေါ်လွင်နေပါသည်။ ဘုရားသခင်သည် မိမိလူများကို ထာဝရဖြစ်သော၊ ပြောင်းလဲခြင်းမရှိသော၊ ခြွင်းချက်မဲ့ဖြစ်သော ချစ်ခြင်းဖြင့် ချစ်တော်မူသည်ဟု သတိရလျှင်၊ ဘုရားသခင်၏ချစ်ခြင်းသည် ပို၍သာ အံ့သြစရာကောင်းလာပါတော့သည်။ ထိုအချစ်သည် အမှန်ပင် လူသား၏အသိပညာအားလုံးကို ကျော်လွန်သောအချစ် ဖြစ်ပါသည်။ ထိုအချစ်၏ မြင့်မားမှု၊ ကျယ်ပြန့်မှု၊ ရှည်လျားမှု၊ နက်ရှိုင်းမှု တို့ကို မည်သူမှတိုင်း၍မကုန်နိုင်ပါ (ဧဖက် ၃း၁၇–၁၉)။

## ငြင်းပယ်တော်မူခြင်းအကြောင်း(Reprobation)

ကဲဗင်းသြဝါဒယုံကြည်သူအားလုံးက ဘုရားသခင်သည် အချို့တို့ကို ကယ်တင်ခြင်းရရန် ကျေးဇူးတော်သက်သက်ဖြင့် ရွေးချယ်တော်မူကြောင်း ယုံကြည်ကြပါသည် – ရွေးကောက်တော်မူခြင်း။ ကဲဗင်းသြဝါဒယုံကြည်သူများထဲမှ တချို့တို့က ဘုရားသခင်သည် သူမရွေးချယ်သူအားလုံးကို ထာဝရကာလကပင် ငြင်းပယ်သည်ဟု ယုံကြည်ကြသည် – ငြင်းပယ်တော်မူခြင်း။ ထိုသူတို့ကြားထဲတွင် အထူးပြုချင်သောအချက် ကွာခြားတတ်ကြသည်။ တချို့က ပြင်းထန်သောစကားလုံးကိုသုံးကြသည်၊ ဘုရားသခင်သည် အချို့တို့ကို ပျက်စီးခြင်း၌ အဆုံးသတ်ဖို့ ဆုံးဖြတ်တော်မူသည်ဟု ပြောကြသည်။ တချို့တို့ကမူ ပို၍ပျော့ပြောင်းသောစကားလုံးတို့ကို သုံးကြသည်၊ သူတို့က ဘုရားသခင်သည် ထာဝရကာလကထဲက "အချို့တို့ကို မရွေးဘဲ ကျော်သွားသည်" (သို့) "မိမိတို့အပြစ်များထဲတွင်ပင် ထားခဲ့ရန် ဆုံးဖြတ်တော်မူသည်" စသဖြင့် ပြောတတ်ကြပါသည်။ မည်သို့ပြောသည်ဖြစ်စေ၊ အားလုံးက ငြင်းပယ်တော်မူခြင်းအကြောင်းကို ပြောနေကြခြင်းဖြစ်သည်။

ရွေးကောက်တော်မူခြင်းနှင့်ငြင်းပယ်တော်မူခြင်းကို နှစ်ခုစလုံးပေါင်းလျှက် "နှစ်ထပ်ကွမ်းခွဲခန့်မှတ်သားတော်မူခြင်း"(double predestination)ဟု ခေါ်ပါသည်။ ရီဖေါ့(မ်)ခံယူယုံကြည်ချက်တို့က နှစ်ထပ်ကွမ်းခွဲခန့်မှတ်သားတော်မူခြင်းအကြောင်းကို ရှင်းလင်းစွာ သင်ပေးပါသည်။ ကဲဗင်းသြဝါဒဝါးချက်တို့၏ မူရင်းဖြစ်သော ဒေါ့တ်စံနှုန်းများ(The Canons of Dordt)က သင်ပြပါသည်။ ဝဲစ်မင်စတာခံယူယုံကြည်ချက်များ(Westminster Confessions of Faith)ကလည်း သင်ပါသည်။ ကျမ်းစာကရော ငြင်းပယ်တော်မူခြင်းအကြောင်းကို သင်ပါသလား? အောက်ပါကျမ်းပိုဒ်များကို ဖတ်၍တွေးကြည့်ပါ၊–

ရောမ ၉း၁၀–၁၃ တွင် ယောနှင့်ယာကုပ်တို့ မမွေးခင် ဘုရားသခင်က တယောက်ကို မုန်းသည်ဟု ပြောပါသည်။ ရောမ ၉း၂၁၊ ၂၂ က အချို့တို့ကို "အိုးယုတ်"အဖြစ် ဖန်ဆင်းထားသည်၊ "ပျက်စီးခြင်းအဖို့ ပြင်ဆင်ထားသောအိုးများ"ဟု ခေါ်ထားပါသည်။ ၁ပေ ၂း၆–၈ က အချို့တို့ကို နာခံခြင်းမရှိဘဲ ချော်လဲကြရန် ခန့်ထားသည်ဟု ပြောပါသည်။ ယုဒ ၄ က အချို့တို့ကို အပြစ်ဒဏ်ခံစေရန် ခန့်အပ်ထားသည်ဟု ပြောပါသည်။ ယုဒ ၆ က ကောင်းကင်တမန်များထဲမှ ငြင်းပယ်ခြင်းခံရသူများအကြောင်းပြောပါသည်၊ ၎င်းတို့သည် နတ်ဆိုးများဖြစ်လာကြသည်။

ထိုကျမ်းပိုဒ်များအားလုံးတွင် ကျမ်းစာက ပြင်းထန်သောစကားလုံးကို သုံးထားကြောင်းကိုလည်း တွေ့နိုင်ပါသည်။ ထို့ကြောင့် ကျမ်းစာက ဘုရားသခင်သည် အချို့တို့ကို ပျက်စီးခြင်းသို့ရောက်ဖို့ရာ အမှန်တကယ်

ပင် ဆုံးဖြတ်လျှက်၊ သတ်မှတ်တော်မူကြောင်း၊ ထာဝရကာလတွင် သူတို့အား မရွေးချယ်ဘဲ ကျော်သွားယုံမျှမကကြောင်း (သို့) ၄င်းတို့၏အပြစ်များထဲတွင် ထားခဲ့ယုံမျှမကကြောင်း သွန်သင်ခြင်းကို ထောက်ခံနေပါသည်။ ထို့ကြောင့် ကျမ်းစာက ပျက်စီးခြင်းသို့ရောက်ဖို့ ကြို့တင်ခွဲခန့်မှတ်သားခြင်းရှိသည်ဟု သင်ပါသည်။

ငြင်းပယ်တော်မူခြင်းအကြောင်း ပြောကြသောအခါ၊ ကျွန်တော်တို့သည် အကြောင်းအရာနှစ်ခုကို အထူးပြု၍ ပြောဆိုကြပါသည်။ ပထမအကြောင်းမှာ ထိုဩဝါဒက ဘုရားသခင်ကို အပြစ်ပြုလုပ်သူ မဖြစ်စေပါ၊ တချိန်ထဲတွင် ဆိုးညစ်သူတို့အား မိမိတို့အပြစ်အတွက် တာဝန်မရှိပါဟု မလွတ်စေပါ။ ဒုတိယအကြောင်းမှာ ဘုရားသခင်သည် ငြင်းပယ်တော်မူခြင်းတွင် ရည်ရွယ်ချက်ရှိသည်။

ရွေးကောက်တော်မူခြင်းနှင့် ငြင်းပယ်တော်မူခြင်းကြားရှိ ကြီးမားသောခြားနားမှုမှာ ဤသို့ဖြစ်ပါသည်၊ "ဘုရားသခင်သည် အစိုးရတော်မူစွာနှင့် မိမိလူတို့ကို ထာဝရကာလမှနေ၍ ရွေးချယ်လျှက်၊ အရာခပ်သိမ်းကို သူတို့ကယ်တင်ခြင်းရဖို့ရန် ဆုံးဖြတ်ပြဋ္ဌာန်းတော်မူပါသည်၊ သူတို့ရသောကယ်တင်ခြင်းအတွက် ချီးမွမ်းစရာအားလုံး၊ ရစရာရှိသောဂုဏ်အားလုံး မိမိအတွက် ရယူတော်မူသည်။ ငြင်းပယ်တော်မူခြင်းတွင်လည်း ဘုရားသခင်သည် အစိုးရတော်မူစွာပြုပါသည်၊ သို့သော် ၄င်းအတွက် အသရေပျက်ခြင်းအားလုံးကို မိမိအတွက် ယူဆောင်တော် မမူပါ(takes none of discredit)။ ထို့ရှုထောင့်မှနေ၍ ရွေးကောက်တော်မူခြင်းနှင့် ငြင်းပယ်တော်မူခြင်းတို့သည် မတူညီကြပါ။ ရွေးကောက်တော်မူခြင်းကြောင့် ဘုရားသခင်သည် ကယ်တင်ခြင်းကိုပြုလုပ်ပေးသူ(author) ဖြစ်တော်မူသော်လည်း၊ ငြင်းပယ်တော်မူခြင်းကြောင့် ဘုရားသခင်သည် အပြစ်ကို ပြုလုပ်ပေးသူ(author)ဖြစ်မလာပါ။

ရောမ ၉း၁၇–၂၀ က အပြစ်သားတို့အပေါ် အပြစ်တင်ခြင်းတွင် ဘုရားသခင်သည် မှားပါသည်ဟု ပြောခြင်းကို "ဘုရားသခင်အားငြင်းဆန်သူ"ဖြစ်သည်ဟု ပြောထားပါသည်။ ထို့ကြောင့် မိမိတို့အပြစ်များအတွက် တာဝန်ရှိသူမှာ အပြစ်သားများသာဖြစ်ကြောင်း ပေါ်လွင်နေပါသည်။ ဘုရားသခင်၏ ငြင်းပယ်တော်မူခြင်းကို အပြစ်တင်၍မရပါ။ ထိုအချက်သည် တမန် ၂း၂၃ တွင် ပို၍ရှင်းလင်းလာပါသည်၊ ထိုနေရာတွင် သခင်ခရစ်တော်ကို လက်ဝါးကပ်တိုင်ပေါ်တွင် တင်သတ်ခြင်းအပြစ်အကြောင်းပြောပါသည်၊ ထိုသို့သေဖို့ရန် ဘုရားသခင်က ကြို့တင်ခွဲခန့်ပါသော်လည်း၊ "ဆိုးညစ်သောလက်များ"ဖြင့် ကျူးလွန်ကြသည်ဟု ပြောပါသည်။

ထိုသို့ပြောခြင်းကြောင့် ငြင်းပယ်တော်မူခြင်းကို သက်သက်မဲ့ ပြုတော်မူခြင်း မဟုတ်ပါ။ ဘုရားသခင်က ထာဝရကာလမှပင် အကြောင်းမရှိဘဲ အချို့တို့ကို ငြင်းပယ်ခြင်း မဟုတ်ပါ။ ရောမ ၉း၂၂၊ ၂၃ က အကြောင်းအရင်း နှစ်ရပ်ကို ပြောပြပါသည်၊ ထိုသို့ဖြင့် ဘုရားသခင်သည် မိမိ၏အမျက်တော်နှင့် တန်ခိုးတော်ကို သိရှိစေသလို၊ ဂုဏ်ကျေးဇူးတော်ခံစားရမည့်သူများအတွက် မိမိ၏ဘုန်းတန်ခိုးတော်၏ကြွယ်ဝမှုကို သိရှိစေမည်ဖြစ်ပါသည်။ ငြင်းပယ်တော်မူခြင်းကလည်း မိမိလူတို့အပေါ် ပြသသော ဂုဏ်ကျေးဇူးတော်နှင့်ပတ်သက်သည့် ဘုရားသခင်၏ရည်ရွယ်ချက်ကို အမှုဆောင်ပေးပါသည်။ ထိုအချက်ကို ခရစ်တော်အား လက်ဝါးကပ်တိုင်ပေါ်တွင် တင်သတ်ကြခြင်းတွင် ရှင်းလင်းစွာ တွေ့မြင်နိုင်ပါသည် (တမန် ၄း၂၄–၂၈)။

ငြင်းပယ်တော်မူခြင်းဩဝါဒသည် အသွေးအသားအတွက် လက်ခံရန် ခက်ခဲသောဩဝါဒဖြစ်ကြောင်း ကျွန်တော်တို့ သိကြပါသော်လည်း၊ ကျွန်တော်တို့သည် ထိုဩဝါဒကို သင်ရပါမည်၊ ထိုသို့ဖြင့် လူအများသည် ဘုရားသခင်၏အမျက်တော်ရှေ့တွင်၊ တန်ခိုးတော်ရှေ့တွင်၊ သူ၏ကြီးမားသောဂုဏ်ကျေးဇူးတော်ရှေ့တွင် အံ့ဩတုန်လှုပ်ကြမည်ဖြစ်သည် (ဟောရှာ ၃း၅)။ အို၊ ယနေ့၌ပင် လူအများသည် အံ့ဩတုန်လှုပ်နေကြပါမည်!

(Doctrine According to Godliness, Rev. Ronald Hanko၏စာအုပ်မှ ဘာသာပြန်ပါသည်)

++++++++++++++++++++++++++++++++++++++++++++++++++++++

# ဗျာဒိတ်ကျမ်းကိုဖွင့်ပြကြည့်ခြင်း (၁၃)

၆း၁–၈

၁ – သိုးသငယ်သည် တံဆိပ်ခုနစ်ချက်တွင် တချက်ကို ဖွင့်သောအခါ ငါကြည့်လျှင်၊ မိုးကြိုးသံမြည်သကဲ့သို့ သတ္တဝါလေးပါးတွင် တပါး က၊ လာ၍ကြည့်လော့ဟု ဆိုသည်ကို ငါကြား၏။ ၂ – ထိုအခါ ငါကြည့်လျှင်၊ မြင်းဖြူတစီးရှိ၏။ မြင်းစီးသောသူသည် လေးကိုကိုင်၏။ သူ ၌သရဖူကို ပေးတော်မူ၏။ အောင်မြင်လျက်ငှင်း၊ အောင်းမြင်ခြင်းငှာငှင်း ထွက်သွား၏။ ၃ – ဒုတိယတံဆိပ်ကို ဖွင့်သောအခါ၊ ဒုတိယ သတ္တ ဝါက၊ လာ၍ကြည့်လော့ဟုဆိုသည်ကို ငါကြား၏။ ၄ – ထိုအခါ မြင်းနီတစီးထွက်၍ စီးသောသူသည် ငြိမ်ဝပ်ခြင်း (ငြိမ်းခြမ်းရေး)ကို မြေကြီးက ရုပ်သိမ်းခြင်းငှာငှင်း၊ မြေကြီးသားတို့ကို အချင်းချင်း အသေသတ်စေခြင်းငှာငှင်း အခွင့်ရ(အာဏာကိုပေးထား)၏။ သူ၌ ဓါးကြီးကို ပေးတော်မူ၏။ ၅ – တတိယတံဆိပ်ကိုဖွင့်သောအခါ၊ တတိယသတ္တဝါက လာ၍ကြည့်လော့ဟုဆိုသည်ကို ငါကြား၏။ ထိုအခါ ငါ ကြည့်လျှင် မြင်းနက်တစီးရှိ၏။ မြင်းစီးသောသူသည် ချိန်ခွင်ကိုကိုင်၏။ ၆ – သတ္တဝါလေးပါးအလယ်၌ ပြောသံဟူမှုကား၊ ဒေနာရိတပြားနှင့်ဂျုံဆန်တခွက်ကိုရ၏(ဘာလီသုံးခွက်ကိုတပြားနှင့်ရ၏)။ ဆီနှင့်စပျစ်ရည်ကို မပျက်စေနှင့်ဟုဆိုသည်ကို ငါကြား၏။ ၇ – စတု တ္ထတံဆိပ်ကို ဖွင့်သောအခါ စတုတ္ထသတ္တဝါက လာ၍ကြည့်လော့ဟုဆိုသည်ကို ငါကြား၏။ ၈ – ထိုအခါ ငါကြည့်လျှင် မြင်းမွဲတစီးရှိ၏။ မြင်းစီးသောသူသည် မရဏာ(သေခြင်း) ဟူသောအမည်ရှိ၏။ မရဏာနိုင်ငံ(ငရဲ)သည် ထိုသူနောက်သို့ လိုက်လေ၏။ သူသည် မြေကြီးလေးစိတ်တစိတ်ကို အစိုးရ၍ ဓါးဘေး၊ မွတ်သိပ်ခြင်းဘေး၊ နာ၍သေဘေး(သေခြင်းဖြင့်)၊ မြေသားရဲဘေးအားဖြင့် သတ်ပိုင်သော အခွင့်ကို ရ၏။

## မြင်းစီးသမားလေးဦး (၁)

၁။ ဤကျမ်းပိုဒ်တို့က တံဆိပ်များဖွင့်ခြင်းကို ပြောပါသည်။ တံဆိပ်များဆိုသည်မှာ ဘုရားသခင့် ထာဝရအမိန့်တော်မှ ထွက်လာသော စွမ်းအားများ၊ အဖြစ်အပျက်များကို ကိုယ်စားပြုကြသည့်အရာများဖြစ်သည်။ တံဆိပ်ခုနစ်ချက် ခတ်နှိပ်သောစာစောင်ကို သတိရကြပါမည်။ ၎င်းတို့က နောက်မကြာမှီဖြစ်ပျက်မည့် အကြောင်းအရာများကို နိမိတ်ပုံနှင့်ပြနေသော ဘုရားသခင်၏ အသက်ရှင်သည့်အမိန့်တော်မြတ်များကို ဆိုလိုပါသည်။

တံဆိပ်ကိုဖွင့်ခြင်းဖြင့် ဘုရားသခင်၏အမိန့်တော်မြတ်ကြောင့် အဖြစ်အပျက်များ ဖြစ်ပျက်ကြကြောင်း ပြောပြလိုခြင်းဖြစ်သည်။ တံဆိပ်များကိုဖွင့်သောအခါ မြင်းလေးစီးထွက်လာပါသည်။ ၎င်းတို့က ကမ္ဘာပေါ်တွင် ဖြစ်ပျက်ကြသောအဖြစ်အပျက်များ၊ စွမ်းအားများကို ပုံဆောင်ပါသည်။ ၎င်းတို့သည် တခုပြီးမှတခုဖြစ်မည်ဟု ပြောနေခြင်း မဟုတ်ပါ၊ အတူတူ တချိန်တည်းတွင် သမိုင်းထဲ၌ စု၍ဖြစ်ပျက်နေကြခြင်းကိုပြောချင်ပါသည်။

ထိုအချက်ကို ပထမတံဆိပ်လေးချက်က သက်သေပြနေပါသည်။ ထိုပထမတံဆိပ်လေးချက်က သခင်ခရစ်တော်၏ အောင်မြင်နေသောတန်ခိုးတော်၊ စစ်ပွဲများ၊ လူမှုဘဝများထဲမှ အဆင့်အတန်းမညီမျှမှုများ၊ ကိုယ်ခန္ဓာသေဆုံးခြင်းများကို ပြည့်ဆွန်နေကြသည်။ ၎င်းတို့သည် လူ့သမိုင်းတလျှောက်လုံးတွင် အမြဲတမ်းရှိနေကြသည်။ ပို၍သာပြင်းထန်သောအရှိန်အဟုန်နှင့် ရှေ့သို့တိုးနေပါသည်။ ထို့ကြောင့် တံဆိပ်များသည် တံပိုးခရာများအဖြစ် ပြောင်းသွားကာ၊ တံပိုးခရာများက ခွက်ဖလားများအဖြစ် ဆက်၍ပြောင်းသွားသည်။

၂။ ပထမတံဆိပ်လေးချက်။ ထိုလေးချက်သည် သီးသန့်တစုတည်းအဖြစ်ရပ်တည်ကြကြောင်း နိမိတ်ပုံများက ပြောပြပါသည်။ အားလုံး မြင်းစီးသမားများ၊ အသံတသံက ၎င်းတို့လေးစီးလုံးကို စကားပြောခြင်း။

ထို့ကြောင့် တံဆိပ်ခုနစ်ချက်ကို၊ လေးခုနှင့်သုံးခု နှစ်စုခွဲ၍နားလည်ရမည်။ ၄ + ၃ = ၇ သည် ဘုရားသခင့် ပဋိညာဉ်၏ နံပတ်ဖြစ်ပါသည်။

နောက်တဆင့် တံဆိပ် ခြောက်ခုနှင့်တခု ဟုလည်း နားလည်၍ရပါသည်။ ယ္ခုအခန်းကြီး(၆)တွင် တံဆိပ်ခြောက်ခုဖွင့်ခြင်းကို ပြောပြသည်။ တံဆိပ် ခုနှစ်ခုမြောက်က သီးသန့်နေသည်။ ၎င်းခုနှစ်ခုမြောက် တံဆိပ်ကို အခန်း(၈)မှ ဖွင့်သည်။ ဖွင့်သည့်အခါတွင်လည်း တံပိုးခရာ ခုနှစ်ခုအနေနှင့် ဖွင့်ပါသည်။ နောက်ဆုံးသော တံပိုးခရာသည်လည်း ခွက်ဖလားခုနှစ်ခု ဖြစ်လာပါသည်။ ထို့အပြင် တံပိုးခရာများနှင့် ခွက်ဖလားများကိုလည်း (၄)ခု၊ (၃)ခု အဖြစ်နှင့် အုပ်စုနှစ်စုခွဲ၍နားလည်ရပါမည်။

ပထမတံဆိပ်(၄)ခုက ဤကမ္ဘာလောကကြီးတွင် ဖြစ်ပျက်နေကြသည့်အဖြစ်အပျက်များကို ပြည့်စုံစွာ ပြောပြနေပါသည်။ ထိုအချက်ကို ၄င်းတို့၏ နံပတ်ကနေ၍ ပြောနေပါသည်။ (၄)ဆိုသောနံပတ်သည် ကျွန်တော်တို့ကမ္ဘာကြီး၏ နံပတ်ဖြစ်ပါသည်။ ထို့အပြင် တံဆိပ်လေးခုဖွင့်ချိန်တွင် သတ္တဝါလေးပါးတို့ကလည်း လှုပ်ရှားကြခြင်းကလည်း ထိုအချက်ကို ပို၍ခိုင်မာစေပါသည်။

၃။ သိုးသငယ်ဆိုသော သခင်ခရစ်တော်က တံဆိပ်များကို ဖွင့်လျှင်ဖွင့်ခြင်း၊ ယောဟန် တစုံတခုကို မြင်ပါသည်။ ဘာမြင်သနည်းဆိုသည်ကို အငယ်(၂)ရောက်မှ ပြောပြသည်။ လောလောဆယ် အသက်ရှင်သော သတ္တဝါလေးပါးမှ တပါးက “လာ”ဟုပြောခြင်းကို အရင်ဖေါ်ပြသည်။ မူရင်းကျမ်းစာတွင် “လာ၍ကြည့်ပါ”ဟု မပြောပါ၊ “လာ”ဟုသာပြောခြင်းဖြစ်ပါသည်။ ထို့အပြင် ယောဟန်ကိုခေါ်ခြင်းလည်းမဟုတ်ပါ။ ပထမမြင်းနှင့် မြင်းစီးသူကို ဆင့်ခေါ်ခြင်းဖြစ်သည်။ မြင်းတစီးထွက်မလာခင် ထိုဆင့်ခေါ်သံကို ထပ်ခါထပ်ခါ ပြောခြင်းက ထိုအချက်ကို သေချာစေပါသည်။

၄။ ယောဟန်သည် စာအုပ်ထဲမှ မြင်းများထွက်လာခြင်းကို ရှင်းလင်းစွာမြင်ပါသည်။ ကျမ်းစာ၌ မြင်းကို စစ်တိုက်ခြင်းအတွက် အသုံးပြုလေ့ရှိပါသည်၊ ယောဘ ၃၉း၁၉၊ ဇာခရိ ၁း၈၊ ၆း၁။ သန်မာခြင်း၊ စစ်ပွဲ၏တားဆီး၍မရနိုင်သော စွမ်းအင်ဖြစ်ခြင်းတို့ကို ပုံဆောင်ပါသည်။ မြင်းကို စီးသောသူရှိပါသည်။ စီးသောသူက ဘာကို ပုံဆောင်သနည်း?ဟု မမေးရပါ။ မြင်းနှင့်စီးသူ နှစ်ခုလုံးကို ခြုံ၍နားလည်ရပါမည်။ ဘုရားသခင့်အမိန့်တော်မှထွက်ပေါ်လာသည့် စွမ်းအားကြီးမားသော၊ အရှိအဟုန်ပြင်းထန်သော စွမ်းအင်တရပ်ဖြစ်သည်။ ကမ္ဘာတဝှမ်းသို့ လွှမ်းမိုးနိုင်ရန် သေချာစွာထိမ်းသိမ်းလမ်းညွှန်မှုဖြင့် သွားလာသောစွမ်းအင်ဖြစ်သည်။
ပထမမြင်းစီးသူနှင့်မြင်း၏ အနက်အဓိပ္ပါယ်ကို ၄င်း၏အရောင်နှင့် အခြားဖေါ်ပြသောအသေးစိတ်အချက်အလက်များမှ သိရသည်။ အရောင်သည် အဖြူရောင်ဖြစ်သည်။ ဂုဏ်ကျက်သရေကိုဖေါ်ပြသောအရောင်ဖြစ်သည်။ ဖြောင့်မတ်ခြင်း၊ အောင်မြင်ခြင်းတို့ကို ဆိုလိုသည်။ စစ်နိုင်သော ရောမစစ်ဗိုလ်တို့သည် ထိုသို့ မြင်းဖြူကြီးကို စီးတတ်ကြသည်။ သခင်ခရစ်တော်၏အောင်မြင်တော်မူခြင်းကို ပြောနေသည် ဗျာ ၁၉း၁။ မြင်းစီးသူတွင် လေးကိုင်ထားသည်။ စစ်တိုက်ဖို့ ထွက်ခွာခြင်းဖြစ်သည်။ မြင်းစီးသူတွင် သရဖူကိုဆောင်းထားသည်။ ဘုရင်ဖြစ်ခြင်းကို ပြခြင်းဖြစ်သည်။ တိုက်တိုင်းအောင်စစ်သူကြီးကဲ့သို့ဖြစ်ခြင်းကို ပြောပြနေပါသည်။ “ အောင်မြင်လျက်၄င်း၊ အောင်းမြင်ခြင်းငှာ၄င်း ထွက်သွား၏”ဟုပြောခြင်းသည် အတော်ကိုက်ညီသောစကားစုဖြစ်သည်။

၅။ ထို့ကြောင့် မြင်းနှင့်မြင်းစီးသူက အောင်နိုင်သောစစ်သူရဲကို ပြောပြသည်။ တိုက်ပွဲကိုနိုင်ဖို့ သေချာလွန်းသည်။ သခင်ခရစ်တော်၏ တကမ္ဘာလုံးတွင် အောင်မြင်ခြင်းကို ပြညွှန်ပါသည်။ သူ၏နှုတ်ကပတ်တော်အားဖြင့်၄င်း၊ ဝိညာဉ်တော်အားဖြင့်၄င်း အောင်မြင်ခြင်းဖြစ်သည်။ သူ၏နိုင်ငံတော်တည်းဟူသော အသင်းတော်ကို တည်ထောင်နေပါသည်။ သူ၏ရန်သူများကို နေရာတိုင်းတွင် အောင်နိုင်တော်မူနေပါသည်။

==============================================

ဟေဗြဲ ၂း၁–၄
၁ – ထို့ကြောင့် ငါတို့သည် ကြားရသောဒေသနာတော်ကို မမေ့လျော့မည်အကြောင်း၊ စိတ်နှလုံး၌ သာ၍ စွဲလမ်းခြင်း ရှိရကြမည်။ Therefore we ought to give the more earnest heed to the things which we have heard, lest at any time we should let *them* slip. ထို့ကြောင့် ငါတို့သည် ကြားခဲ့ရပြီးသော အကြောင်းအရာကို ပို၍အလေးအနက်ထား၍ ဂရုစိုက်ရမည်၊ ထိုသို့မဟုတ်ပါက ၄င်းတို့သည် ငါတို့ထံမှ လျော့ထွက်သွားမည်ဖြစ်သည်။
၂ – ကောင်းကင်တမန်များအားဖြင့် ထားတော်မူသောဗျာဒိတ်တော်သည် တည်၍၊ ပြစ်မှားကျူးလွန်ခြင်း အပြစ် အမျိုးမျိုးတို့သည် ခံထိုက်သောအပြစ်ဒဏ်ကို ခံရသည်မှန်လျှင်၊ For if the word spoken by angels was

stedfast, and every transgression and disobedience received a just recompence of reward; အဘယ်
ကြောင့်ဆိုသော် ကောင်းကင်တမန်များအားဖြင့် ပြောသောစကားသည် တည်မြဲလျှင်၊ ထိုစကားကို ကျူးလွန်
သမျှသည်၎င်း၊ မနာခံခြင်းရှိသမျှသည်၎င်း ဖြောင့်မှန်သောတုန့်ပြန်ခြင်းရလဒ်ကို လက်ခံကြရသည်မှန်လျှင်၊
၃ – အစအဦး၌ သခင်ဘုရား ဟောတော်မူ၍ ဒေသနာတော်စကားကြားရသောသူတို့သည်၊ လုံလောက်သော
သက်သေအားဖြင့် ငါတို့အားဆင့်ဆို၍ ဟောပြောသော၊ ဤမျှလောက်ကြီးစွာသော ကယ်တင်တော်မူခြင်းတ
ရားကို ငါတို့သည် နားမထောင်ဘဲနေလျှင်၊ အပြစ်ဒဏ်နှင့် အဘယ်သို့လွတ်ကြလိမ့်မည်နည်း? How shall we
escape, if we neglect so great salvation; which at the first began to be spoken by the Lord, and was
confirmed unto us by them that heard *him*; ငါတို့သည် ထိုမျှလောက်ကြီးမားသောကယ်တင်ခြင်းကို
လစ်လျူရှုကြလျှင် မည်သို့လွတ်နိုင်ကြမည်နည်း? ထိုကယ်တင်ခြင်းအကြောင်းကို သခင်ဘုရားက အစတွင် စ
တင်ပြောတော်မူ၏၊ ထို့နောက် ကြားရသောသူတို့က သေချာကြောင်း ငါတို့ထံပြောကြ၏။
၄ – ထိုသက်သေခံသောသူတို့နှင့်အတူ ဘုရားသခင်သည် နိမိတ်လက္ခဏာ၊ အံ့ဩဖွယ်သောအမှုအားဖြင့်
၎င်း၊ ထူးဆန်းသောတန်ခိုး အထူးထူးအပြားပြားအားဖြင့်၎င်း၊ သန့်ရှင်းသောဝိညာဉ်တော်သည် မိမိအလို
တော်အတိုင်း ဝေငှသောဆုကျေးဇူးအားဖြင့်၎င်း သက်သေခံတော်မူပြီ။ God also bearing *them* witness,
both with signs and wonders, and with divers miracles, and gifts of the Holy Ghost, according to his
own will? ဘုရားသခင်ကလည်း သူတို့ထံ၌ နိမိတ်လက္ခဏာများ၊ အံ့ဩဖွယ်ရာများ နှစ်မျိုးလုံးဖြင့်၎င်း၊
မိမိ ၏အလိုတော်အတိုင်း ပေးတော်မူသော သန့်ရှင်းသောဝိညာဉ်တော်၏ လက်ဆောင်များအားဖြင့်၎င်း
သက် သေပေးတော်မူပါသည်။
(ဆရာယုဒသန်၏ ကျမ်းစာကို အင်္ဂလိပ်ကျမ်းမူနှင့် ကိုက်ညီဘာသာပြန်ခြင်း)